Legal Aid Network
ဥပဒေ အထောက်အကူပြုကွန်ရက်
Email:- legalaidnetwork@gmail.com /website:- legalaidnetwork.org

## သမ္မတဟောင်းဦးထင်ကျော်တွင် ပြစ်မှုကြောင်းအရ တာဝန်ရှိမှုကို ရှာဖွေခြင်းဆိုင်ရာ ထုတ်ပြန်ချက်။

ဦးထင်ကျော်သည် ၎င်း၏ သမ္မတရာထူးမှ ယနေ့ နှုတ်ထွက်သွားခဲ့ပြီဖြစ်သည်။ ယင်းကို ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများကို ဆန့်ကျင်ကာပြစ်မှုကျူးလွန်မှုကြီးများအတွက် ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆိုရန် မကြာသေးမီကပင် ဩစတြေးလျ ဥပဒေနှင့် လူ့အခွင့်အရေး အဝန်းအဝိုင်းတရပ်၏ ကြိုးပမ်းမှုဖြင့် ဆက်စပ်သုံးသပ်ရန်လိုအပ်ပါသည်။

ဩစတြေးလျရှေ့နေချုပ် ခရစ်ယာန်ပေါ်တာ(Christian Porter)က ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာဥပဒေကို ကိုးကားလျှက် ယင်းကြိုးပမ်းမှုကို ပယ်ချခဲ့သည်။ အစိုးရ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းပြည်အကြီးအကဲ သဘောသက်ရောက်သဖြင့်  တရားစွဲဆိုခံရခြင်းမှ လွတ်ကင်းခွင့်ကို ခံစားခွင့်ရှိသည်ဟူ၍ ရှင်းပြသွားခဲ့သည်။

ဤဥပဒေကြောင်း ကိုးကားမှုသည် သာမန် ပြစ်မှုဆိုင်ရာ မှုခင်းများတွင်သာ မှန်ကန်ပါသည်။ သို့ရာတွင် တိုင်းပြည်အကြီးအကဲတို့ ခံစားခွင့်ရှိသည့် တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့်အား စစ်ရာဇဝတ်မှု ၊ လူမျိုးတုံးသတ်ဖြတ်မှု နှင့် လူသားဖြစ်မှုကိုဆန့်ကျင်သည့်ပြစ်မှုများ အား ကျူးလွန်ကြောင်း စွပ်စွဲခံရသူများနှင့် စပ်လျှဉ်း၍ ကျင့်သုံးခွင့် မရှိပါ။ တိုင်းပြည်အကြီးအကဲ ဟောင်း သို့မဟုတ် လက်ရှိ အကြီးအကဲ ဟူသည်နှင့် မဆိုင်ဘဲ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး ရောမဥပဒေ[1]အရ သော်လည်းကောင်း ရဝမ်ဒါ နိုင်ငံနှင့် ယခင်ယူဂိုဆလားဗီးယားနိုင်ငံငံတို့အတွက်ရေးဆွဲပြဌာန်းပေးသော နိုင်ငံတကာ ပြစ်ဆိုင်ရာခုံရုံး ဥပဒေများအရ[2] သော်လည်းကောင်း တိုင်းပြည်အကြီးအကဲဖြစ်ခြင်းကြောင့် ကင်းလွတ်ခွင့်ကို ခွင့်မပြုပါ။ ဤဥပဒေ အယူအဆအား ချီလီနိုင်ငံမှ တိုင်းပြည်အကြီးအကဲဟောင်းနှင့် စစ်အာဏာရှင်ဟောင်း တစ်ဦးဖြစ်သူ ဩဂတ်(စ်)တို ပီနိရှေး (Augusto

---

[1] ပုဒ်မ(၂၇)(၁)ဤဥပဒေသည် ရာထူးအလျောက် ဆောင်ရွက်ခြင်းအပေါ် မူတည်သည့် မည်သည့်ခွဲခြားခြင်းမျှမရှိဘဲလျက် လူအားလုံးအပေါ်၌ တပြေးညီအကျိုးသက်ရောက်စေရမည်။ အထူးသဖြင့် နိုင်ငံ သို့မဟုတ် အစိုးရအကြီးအကဲ၊ အစိုးရ သို့မဟုတ် ပါလီမန်အဖွဲ့ဝင်၊ ရွေးကောက်ခံကိုယ်စားလှယ် သို့မဟုတ် အစိုးရအရာရှိကဲ့သို့သော သူတို့၏ ရာထူးအလျောက် ဆောင်ရွက်နိုင်ခွင့်သည် ဤဥပဒေအရ မည်သည့်ပြစ်မှုကိုမဆို ပြစ်မှုကြောင်းအရ တာဝန်ရှိမှုမှ ကင်းလွတ်ခြင်း ပြစ်ဒဏ်ကို လျော့ပေါ့ခြင်းအတွက် အကြောင်းဖော်ပြချက် ဖြစ်စေလိမ့်မည် မဟုတ်။

[2] အဆိုပါ ဥပဒေများ၏ ပုဒ်မ(၆)နှင့် ပုဒ်မ(၇)

Pinochet) ၏အမှုတွင် ကျင့်သုံးခဲ့သည်။ ၁၉၉၈ ခုနှစ် အောက်တိုဘာလအတွင်း လန်ဒန်သို့ သွားရောက်ကာ ဆေးကုသမှု ခံယူနေစဉ်အတွင်း ၎င်းအား ဖမ်းဆီးခဲ့သည်။

မြန်မာနိုင်ငံမှုခင်းတွင် နိုင်ငံတကာဥပဒေအရ အကြီးအကဲ၏တာဝန်ရှိမှု ရှုဒေါင့်မှ သုံးသပ်လျှင် ကချင်ပြည်နယ် ၊ ရှမ်းပြည်နယ်မြောက်ပိုင်း ၊ ကရင်နီပြည်နယ် နှင့် ရခိုင်ပြည်နယ်များ အတွင်း ဖြစ်ပွားလျှက်ရှိသော ပြစ်မှုကြီးများအတွက် ဦးထင်ကျော်နှင့် ဒေါ်အောင်ဆန်းစုကြည် တို့မှာ တာဝန်ရှိကြသည်။ နိုင်ငံတကာ ဥပဒေတွင် ကျင့်သုံးသော အကြီးအကဲ/အမိန့်စီးဆင်းမှုအရ အရေးယူဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည်လည်း တာဝန်ရှိသည့် ပုံစံ တစ်ခုအဖြစ် ပါဝင်နေပေသည်။ အထက် အကြီးအကဲသည် လုပ်ထုံးလုပ်နည်းအရ အောက်အဆင့် တာဝန်ရှိသူများ၏ ရာဇဝတ်ကျူးလွန်မှုများကို သိလျက်နှင့် ယင်းရာဇဝတ်မှုများကို ကာကွယ်ရန်နှင့် အောက်အဆင့်တာဝန်ရှိသူများအပေါ် အရေးယူဆောင်ရွက်ရန် ၎င်း၏ တာဝန်များကို ပျက်ကွက်ခဲ့ပါက ထိုအကြီးအကဲသည် တာဝန် အရ ရာဇဝတ်မှု ကျူးလွန်ရာ ရောက်ပေသည်။

လွန်ခဲ့သော ရက်အနည်းငယ်က ဒေါ်အောင်ဆန်းစုကြည် ကြုံတွေ့ရသည့် ဖြစ်ရပ်သည် တိုင်းပြည်အကြီးအကဲဖြစ်သူ ဦးထင်ကျော်အတွက် ကြီးမားသောစိုးရိမ်မှု ဖြစ်ပွားစေသည်။ ယင်းဖြစ်ရပ် ဖြစ်ပွားပြီးနောက် ရက်သတ္တပတ် တစ်ပတ် အတွင်းမှာပင် တနည်းတဖုံ ဖိအား ခံစားရရှိပြီးနောက် သမ္မတ တာဝန်မှနုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။

အလားတူတာဝန်ရှိမှုသည် မကြာမီ အာဏာရယူတော့မည့် သမ္မတသစ် အပေါ်တွင်လည်း ကျရောက်ပါလိမ့်မည်။ ကံမကောင်းစွာပင် စစ်ရေးနောက်ခံရှိသော သမ္မတလောင်းများနှင့် ၂၀၀၈ ဖွဲ့စည်းပုံ ၏ တင်းကျပ်မှုများအောက်တွင် ယင်းတို့အနက်မှ တဦးဦး သမ္မတဖြစ်လာစေအုံးတော့ အထက်ပါပြစ်မှုကြီးများ ကျူးလွန်ခဲ့မှုအပေါ် ပြည်တွင်းတရားရုံး၌ တရားစွဲဆိုနိုင်ဖွယ်မရှိပါ။ မြန်မာနိုင်ငံသည် တာဝန်ခံမှုကို ရှာဖွေခြင်းနှင့် စပ်လျဉ်း၍ အကျပ်အတည်းအတွင်း ဆိုက်ရောက်လျှက်ရှိပါသည်။

## ဥပဒေအထောက်အကူပြုကွန်ရက် မတ်လ ၂၁ ရက် ၂၀၁၈ ခုနှစ်

**အသေးစိတ်သိလိုပါလျှင်**

ဦးအောင်ထူး (လူ့အခွင့်အရေး ရှေ့နေနှင့် ဥပဒေ အထောက်အကူပြုကွန်ရက်တည်ထောင်သူ)
မိုင်ဂျာယန်မြို့၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ
ဖုံး (၈၆) ၁၅၃၀ ၈၈၂ ၇၉၄၈
အီးမေးလ်။ legalaidnetwork@gmail.com
ဝက်ဘ်ဆိုဒ်။ legalaidnetwork.org